နိုင်ငံခြားသားများအတွက် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး လမ်းညွှန်

အိုဖူနာတိုမြို့ (Ofunato City)

ဂျပန်နိုင်ငံမှာ သဘာဝဘေးအန္တရာယ်တွေ အများကြီး ရှိပါတယ်။ သဘာဝဘေးအန္တရာယ်ဟာ ဘယ်အချိန်မှာ ဖြစ်လာမလဲဆိုတာ မသိနိုင်ပါဘူး။ ဘယ်ဘေးအန္တရာယ် ဖြစ်လာရင် ဘာလုပ်ရမလဲဆိုတာ မှတ်ထားပြီး သဘာဝဘေးအန္တရာယ်ကနေ မိမိကိုယ်ကို ကာကွယ်ကြပါစို့။

ငလျင် (Jishin)	ဆူနာမီ (Tsunami)	မိုးကြိုးခြင်း / ရေကြီးခြင်း (Ooame / Kouzui)	မီးလောင်မှု (Kaji)
			
ခေါင်းကို ကာကွယ်ပါ တုန်ခါမှု ရပ်သွားရင် မီးကို ငြိမ်းပါ	**အမြင့်ပိုင်း (နေရာမြင့်) သို့ ထွက်ပြေးပါ နိမ့်သောနေရာသို့ ပြန်မသွားပါနှင့်**	**ပင်လယ် သို့မဟုတ် မြစ် (ရေအနီး) သို့ မသွားပါနှင့် မြေပြိုမှုကို သတိထားပါ**	**၁၁၉ ကို ဖုန်းဆက်ပါ "TASUKETE"(တာစုကေတေ) ဟု အသံကျယ်ကျယ် ဖြင့် အော်ခေါ်ပါ။ ခန္ဓာကိုယ်ကို နှိမ့်ပြီး ထွက်ပြေးပါ**

 အသံလွှင့် ကြေညာချက် အသံအားဖြင့် သဘာဝဘေးအန္တရာယ် အမျိုးအစားကို သိနိုင်ပါတယ် 

(ငလျင် ကြေညာချက်၏ သော့ချက်စာလုံးများ)	(ဆူနာမီ ကြေညာချက်၏ သော့ချက်စာလုံးများ)	(မိုးကြိုးခြင်း ကြေညာချက်၏ သော့ချက်စာလုံးများ)	(မီးလောင်မှု ကြေညာချက်၏ သော့ချက်စာလုံးများ)
• Kinkyu (အရေးပေါ်)	• Tsunami (ဆူနာမီ)	• Keikai level (သတိပေးအဆင့်)	• Kasai (မီးလောင်မှု)
• Jishin (ငလျင်)	• Takadai (အမြင့်ပိုင်း)	• Oame (မိုးကြိုးခြင်း)	• Ensho (မီးကူးစက်ခြင်း)
• Ojishin (ငလျင်ကြီး)	• Hinan (ဘေးလွတ်ရာ ထွက်ပြေးခြင်း)	• Kozui (ရေကြီးခြင်း)	• Hinan (ဘေးလွတ်ရာ ထွက်ပြေးခြင်း)

 ငလျင် ကြေညာချက်နှင့် ဆူနာမီ ကြေညာချက်ကို နားထောင်ပါ
※ အသံတိုးတိုးဖြင့် နားထောင်ပါ

"Hinan"=ဘေးလွတ်ရာ ထွက်ပြေးခြင်း 

သဘာဝဘေးအန္တရာယ် သတင်းအချက်အလက်များကို ရှာဖွေပါ

【အိုဖူနာတိုမြို့ တရားဝင် LINE အကောင့်】
ဘာကြေညာချက်တွေ ရှိခဲ့သလဲနှင့် မြို့တော်၏ အသိပေးချက်များကို ကြည့်နိုင်ပါသည်။




【Safety tips】
ဂျပန်နိုင်ငံ၏ သဘာဝဘေးအန္တရာယ် သတင်းအချက်အလက်များကို ဘာသာစကား အမျိုးမျိုးဖြင့် ကြည့်နိုင်ပါသည်။




【NHK WORLD】
သတင်းများနှင့် အရေးပေါ် သတင်းအချက်အလက်များကို ဘာသာစကား အမျိုးမျိုးဖြင့် ကြည့်နိုင်ပါသည်။





(ミャンマーからお越しの方向け)

သဘာဝဘေးအန္တရာယ် မဖြစ်မီ ပြုလုပ်နိုင်သည့်အရာများ

သဘာဝဘေးအန္တရာယ် ဖြစ်ပွားချိန်တွင် ပုံမှန်အတိုင်း နေထိုင်နိုင်မည် မဟုတ်ပါ။ သဘာဝဘေးအန္တရာယ် မဖြစ်မီ ကြိုတင်ပြင်ဆင်ထားကြပါစို့။

သိထားပါ! သဘာဝဘေးအန္တရာယ် ဖြစ်ပွားချိန်တွင် ကြုံတွေ့ရမည့် အခက်အခဲများ

လျှပ်စစ်၊ ဓာတ်ငွေ့ သုံးရ၍မရခြင်း၊ ရေမလာခြင်း



ဆိုင်များတွင် အစားအစာ ဝယ်ယူ၍မရခြင်း




ဓာတ်လှေကား သုံး၍မရခြင်း



ပြင်ဆင်ကြစို့! သဘာဝဘေးအန္တရာယ် ဖြစ်ပွားချိန်တွင် ထိခိုက်ပျက်စီးမှုကို လျှော့ချရန် ကြိုတင်ပြင်ဆင်ထားပါ

- "Hazard Map" (ဘေးအန္တရာယ်ပြ မြေပုံ) ကို စစ်ဆေးပါ။ အိမ်အနီးအနားတွင် အန္တရာယ်ရှိသော နေရာများ ရှိပါသလား။



- ခိုလှုံရာစခန်း ကဲ့သို့သော ဘေးကင်းသည့်နေရာ ဘယ်မှာရှိသလဲ၊ ဘယ်လိုသွားရမလဲဆိုတာ ရှာဖွေထားပါ။



- ငွေသား၊ နေထိုင်ခွင့်ကတ် ၊ ရေ၊ အစားအစာ စသည်ဖြင့် ထွက်ပြေးသည့်အခါ ယူဆောင်သွားရမည့် ပစ္စည်းများကို ပြင်ဆင်ထားပါ။



- သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက ဘာလုပ်မည်ကို ကြိုတင်ဆုံးဖြတ်ထားပါ။



လေ့ကျင့်ကြစို့! ဘေးအန္တရာယ် ကာကွယ်ရေး လေ့ကျင့်ပွဲ တွင် ပါဝင်ပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပွားချိန်တွင် ဘာလုပ်ရမလဲဆိုတာ လေ့ကျင့်ကြည့်ပါ



အိုဖူနာတိုမြို့တွင် နှစ်စဉ် "ဘေးအန္တရာယ် ကာကွယ်ရေး လေ့ကျင့်ပွဲ" ရှိပါသည်။ သဘာဝဘေးအန္တရာယ် ဖြစ်ပွားချိန်တွင် ဘာလုပ်ရမလဲဆိုတာ လေ့ကျင့်ကြည့်ကြစို့။

◀ဘာသာစကား အမျိုးမျိုးဖြင့် ဖတ်ရှုနိုင်သော ဘေးအန္တရာယ် ကာကွယ်ရေး ပိုစတာ

Disaster Preparedness Drill Book

ဂျပန်နိုင်ငံ၏ သဘာဝဘေးအန္တရာယ်များကို နားလည်စေသော ဂိမ်း▶

ဆက်သွယ်ရန် : အိုဖူနာတိုမြို့တော် အရေးပေါ်နှင့် ဘေးအန္တရာယ် ကာကွယ်ရေး ဌာန 0192-27-3111 ofu_bousai@city.ofunato.iwate.jp